ယူဘွယ် ကောင်းလှသော ရှေးသာမဏေ သူတော်ကောင်းတို့၏ အကြောင်းအရာကိုလည်း ဖတ်စာလုပ်၍ ဖတ်ကြစေဘို့ရန် တိုက်တွန်း တောင်းပန်ပါသည်။

---

## လေ့ကျင့်ခဏ်း မေးခွန်း

က။ အဘယ်ကို "ဇန္တာဃရ" ဟု ခေါ်သနည်း၊ ထိုဇန္တာဃရကို မြန်မာလို ဘယ်သို့ ခေါ်သနည်း၊ ဇန္တာဃရဝတ်ကို ပြပါ။

ခ။ အဘယ်ကို "ဝစ္စကုဋ္ဌိ" ဟု ခေါ်သနည်း၊ ထိုဝစ္စကုဋ္ဌိဝတ်ကို ပြပါ။

ဂ။ ယခုအခါ၌ ကေသီကို အပြင်ဘက်မှာမထားခဲ့ဘဲ ဝစ္စကုဋ္ဌိအတွင်းသို့ ရန်း၍ ဝင်သွားခြင်းသည် ထိုဝစ္စကုဋ္ဌိဝတ်နှင့် ညီပါသလား၊ ထိုဝတ်နှင့်မညီလျှင် ဘယ်အပြစ် သင့်သနည်း။

ဃ။ အဘယ်ပုဂ္ဂိုလ်ကို "ဥပဇ္ဈာယ်" ဟု ခေါ်သနည်း၊ ထိုဥပဇ္ဈာယဝတ်ကို ပြပါ။

င။ အဘယ်ပုဂ္ဂိုလ်ကို "သဒ္ဓိဝိဟာရိက" ဟု ခေါ်သနည်း၊ ထိုသဒ္ဓိဝိဟာရိကဝတ်ကို ပြပါ။

စ။ အဘယ်ပုဂ္ဂိုလ်ကို "အာစရိယ" ဟု ခေါ်သနည်း၊ ထိုအာစရိယသည် ဘယ်နှစ်မျိုး ရှိသနည်း၊ ရေတွက်ပြပါ။

ဆ။ အဘယ်ပုဂ္ဂိုလ်ကို "အန္တေဝါသိက" ဟု ခေါ်သနည်း၊ ထိုအန္တေဝါသိကသည်ဘယ်နှစ်မျိုးရှိသနည်း၊ ရေတွက်ပြပါ။

ဇ။ ပြခဲ့သော ဝတ်များကို မကြေသော ရဟန်း သာမဏေသည် အဘယ် အပြစ်ရှိပါသနည်း။

ခန္ဓကဝတ်သင်ပြခဏ်း ပြီး၏။